# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

## နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ နှင့် (၂၀၂၆-၂၀၂၇) ခုနှစ်အတွက် ဗဟိုကော်မတီဝင်ရွေးချယ်တင်မြှောက်ပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (၂၀၂၆) နှင့် (၂၀၂၆-၂၀၂၇) ခုနှစ်အတွက် ဗဟိုကော်မတီဝင် ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားတိုင်း တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | ➢ | ၂၁-၂-၂၀၂၆ ရက် (စနေနေ့) |
| ညီလာခံကျင်းပမည့်အချိန် | ➢ | (၀၉း၀၀) နာရီ |
| ရွေးချယ်တင်မြှောက်ပွဲ | | |
| ကျင်းပမည့်အချိန် | ➢ | (၁၃း၀၀) နာရီ |
| ကျင်းပမည့်နေရာ | ➢ | Hybrid (Function Hall ၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အဦ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ သမိုင်းကောလိပ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ နှင့် Virtual Zoom Platform) |

**<u>မှတ်ချက်</u>**

- ဗဟိုကော်မတီအသစ်ရွေးချယ်တင်မြှောက်ခြင်းတွင် **၆-၂-၂၀၂၆ ရက်** အထိ အသင်းဝင်ထားပြီးဖြစ်သော Fellow(အကြီးတန်း)၊ Member (အသင်းသား)၊ Associate(တွဲဖက်အသင်းသား) အသင်းဝင်အဆင့်ရှိပြီး **၂၀၂၆ခုနှစ်** အထိ နှစ်စဉ်ကြေး ပေးသွင်းပြီးသည့် အသင်းသားများသည် (၂၀၂၆-၂၀၂၇)ခုနှစ်အတွက် ဗဟိုကော်မတီဝင်များ ရွေးချယ်ရာတွင် လူကိုယ်တိုင် (သို့မဟုတ်) Online မှ ဆန္ဒမဲပေးနိုင်မည်ဖြစ်ပါ၍ ထိုသို့ ဆန္ဒမဲပေးရန်အတွက် ကြိုတင်ပြီး **၉-၂-၂၀၂၆ ရက် (တနင်္လာနေ့) ညနေ(၄း၀၀)နာရီ** နောက်ဆုံးထား Registration ပြုလုပ်ရပါမည်။
- အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် OpaVote Online Voting and Election System ကို အသုံးပြု၍ ဆန္ဒမဲပေးခြင်းအစီအစဉ် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လူကြီးမင်းတို့ အသုံးပြုနေသော Email ကို တိကျမှန်ကန်အောင် ဖြည့်စွက်ပေးရပါမည်။
- ဗဟိုကော်မတီဝင်အသစ် ရွေးချယ်ဆန္ဒမဲပေးရန်အတွက် သက်တမ်းရှိအသင်းသားဖြစ်ရမည်ဖြစ်ရာ သက်တမ်းတိုးနှစ်စဉ်ကြေး မပေးသွင်းရသေးပါက **၉-၂-၂၀၂၆ ရက် (တနင်္လာနေ့)** နောက်ဆုံးထား၍ ပေးသွင်းနိုင်ပါကြောင်း နှင့် အသင်းဝင်ကတ်သက်တမ်း မရှိပါက ဆန္ဒမဲပေးခွင့်မရနိုင်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။
- Register ပြုလုပ်ထားသောသူများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဘက်မှ ဆန္ဒမဲပေးပိုင်ခွင့် ရှိ/ မရှိ စိစစ်ပြီး ဆန္ဒမဲပေးနိုင်ခွင့်ရှိသောအသင်းသားများထံ Form တွင် ဖြည့်စွက်ထားသော email သို့ ဆန္ဒမဲပေးနိုင်မည့်အချိန်၊ OpaVote Online Voting Process တို့ကို **၁၈-၂-၂၀၂၆ ရက်** တွင် ပြန်လည်အကြောင်းပြန်ပေးသွားပါမည်။
- ဗဟိုကော်မတီဝင်အဖြစ်အရွေးခံရန် အဆိုပြုထားသူများသည် **၂၁-၂-၂၀၂၆ ရက် (စနေနေ့) နံနက် (၀၉း၀၀) နာရီ** မှစပြီး ဗဟိုကော်မတီဝင်များ ရွေးချယ်ပြီးသည်အထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ Function Hall တွင် လူကိုယ်တိုင် မပျက်မကွက် တက်ရောက်ရမည်ဖြစ်ပါသည်။
- နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသို့ လူကိုယ်တိုင်ဖြစ်စေ၊ Online (Zoom Platform) မှ ဖြစ်စေ အချိန်ပြည့်တက်ရောက်ကြသော အသင်းဝင်များ CPD (3) hrs. ရရှိမည်ဖြစ်ပါသည်။ လူကိုယ်တိုင်တက်ရောက်သူများအခမ်းအနားပြီးသည်နှင့် CPD hrs. လက်မှတ် ချက်ချင်း ရရှိပါမည်။ Online မှ တက်ရောက်သူများသည် Video အချိန်ပြည့်ဖွင့်၍ တက်ရောက်ရမည်ဖြစ်ပြီးတက်ရောက်ကြောင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်ဘက်မှ Video Recording ပြုလုပ်ထားမည် ဖြစ်ပါသည်။ CPD hrs. ရရှိကြောင်းကို Email ဖြင့် အကြောင်းပြန်ကြားပေးမည် ဖြစ်ပါသည်။
- မွန်းလွဲပိုင်းတွင်ကျင်းပပြုလုပ်မည့် ဗဟိုကော်မတီ ရွေးချယ်တင်မြှောက်ပွဲသို့ လူကိုယ်တိုင်တက်ရောက် ဆန္ဒမဲပေးကြသော အသင်းဝင်များ CPD (4) hrs. ရရှိမည်ပြီး Online မှ ဆန္ဒမဲပေးကြသော အသင်းဝင်များ CPD (2) hrs. ဖြစ်ပါသည်။ လူကိုယ်တိုင်တက်ရောက် ဆန္ဒမဲပေးမည့်သူများသည် လူကြီးမင်းတို့ Email ဖွင့်ထားသော Phone/ Tablet/ Laptop များ ယူဆောင်လာခဲ့ပေးကြပါရန် အသိပေးအပ်ပါသည်။
- နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံသို့ Online (Zoom Platform) မှတက်ရောက်လိုသော အသင်းဝင်များသို့ **(၂၀-၂-၂၀၂၆)ရက်** တွင် Zoom Link, ID & Passcode ကို Register ပြုလုပ်ထားသော Email သို့ ပေးပို့ပေးမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**